**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

# သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ယာယီသမ္မတဦးမြင့်ဆွေက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံသို့လွှဲအပ်တာဝန်ပေးလိုက်ကြောင်း **နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၁)** အရ သိရှိရသည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အာဏာရယူပြီးသည်နှင့်တပြိုင်နက် ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များနှင့်ခေါင်းဆောင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အရပ်သားများအားဖမ်းဆီးထိန်း သိမ်းသောကြောင့် တစ်နိုင်ငံလုံးတွင်အခက်အခဲပေါင်းများစွာနှင့်ရင်ဆိုင်နေကြရသည်။

၃။ ပြည်သူအများ၏ဆန္ဒပြုထုတ်ဖော်သည့် သဘောထားများကိုအလေးထားပေးရန်နှင့် တစ်နိုင်ငံ လုံးရှိ ဆန္ဒပြုထုတ်ဖော်သူများအား အကြမ်းဖက်နှိမ်နှင်းခြင်း၊ ပစ်ခတ်ဖြိုခွင်းခြင်းမပြုလုပ်ဘဲ မှန်ကန်၍တရားသောနည်းလမ်းဖြင့် အလျင်အမြန်ဖြေရှင်းကြရန် လိုအပ်ပါသည်။

၄။ လက်ရှိဖြစ်ပေါ်နေသောအခြေအနေအား ပိုမိုခက်ခဲရှုပ်ထွေးသွားစေရန် ကြံစည်လုပ်ဆောင်မှုများ မပြုလုပ်ကြရန်နှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများ ထပ်မံမပြုလုပ်ရန်လည်း လိုအပ်ပါသည်။

၅။ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီး၏ သဘောထားများ၊ နိုင်ငံတကာ၏တိုက်တွန်းချက်များ၊ အိမ်နီးချင်းနိုင်ငံများ၏အကြံပြုချက်များအား တန်ဖိုးထားပြီး တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်နေသော အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကြရန်တိုက်တွန်းပါသည်။

၆။ အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် ပြည်သူများ၏ကြိုးပမ်းဆောင်ရွက်ချက်များ အားလုံးကို ကြိုဆိုပါကြောင်း သဘောထားထုတ်ပြန်ပါသည်။

ဗဟိုကော်မတီ
KIO

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်။